LESSON 19

# 手袋が欲しいんですが

**Tebukuro ga hoshiin desu ga**

လက်အိတ်လိုချင်လို့ပါ။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| タム<br>တမ် | ：あのう、すみません。<br>Anoo, sumimaseˈn. | ဟို၊ တစ်ဆိတ်လောက်။ |
| | 手袋が欲しいんですが。<br>Tebuˈkuro ga hoshiˈin deˈsu ga. | လက်အိတ်လိုချင်လို့ပါ။ |
| 店員<br>အရောင်းစာရေး | ：手袋はこちらです。<br>Tebuˈkuro wa kochira deˈsu. | လက်အိတ်တွေက ဒီမှာပါ။ |
| ミーヤー<br>မီးယာ | ：これ、あったかそう。<br>Kore, attakasoˈo. | ဒါ နွေးမယ့်ပုံပဲ။ |
| タム<br>တမ် | ：いいですね。<br>Iˈi deˈsu ne. | ကောင်းတယ်နော်။ |
| | これ、いくらですか。<br>Kore, iˈkura deˈsu ka. | ဒါ ဘယ်လောက်လဲ။ |
| 店員<br>အရောင်းစာရေး | ：1,900円です。<br>Sen-kyuuhyakuˈ-en deˈsu. | ယန်း ၁၉၀၀ ပါ။ |
| タム<br>တမ် | ：カードは使えますか。<br>Kaˈado wa tsukaemaˈsu ka. | အကြွေးဝယ်ကတ်ပြား သုံးလို့ရပါသလား။ |
| 店員<br>အရောင်းစာရေး | ：はい、使えます。<br>Haˈi, tsukaemaˈsu. | ဟုတ်ကဲ့။ သုံးလို့ရပါတယ်။ |

### ဝေါဟာရ

| | | |
|---|---|---|
| 手袋 လက်အိတ်<br>tebuˈkuro | 欲しい လိုချင်တဲ့<br>hoshiˈi | こちら ဒီမှာ<br>kochira |
| あったかい နွေးတဲ့<br>attakaˈi | カード အကြွေးဝယ်ကတ်ပြား<br>kaˈado | 使う သုံးတယ်<br>tsukau |


©NHK WORLD-JAPAN

Can-do! ကိုယ်ဝယ်ချင်တဲ့အရာကို ပြောပြနိုင်တယ်

အဓိက အသုံးအနှုန်း

# 手袋(てぶくろ)が欲(ほ)しいんですが。

Tebu˥kuro ga hoshi˥in de˥su ga.

လက်အိတ်လိုချင်လို့ပါ။

ကိုယ်ဝယ်ချင်တဲ့အရာကို အရောင်းစာရေးကို ပြောတဲ့အခါ “[ပစ္စည်း] ga hoshiin desu ga” လို့ ပြောပါတယ်။ “hoshii” “လိုချင်တဲ့” ရဲ့နောက်မှာ “n desu ga”ကို ပေါင်းထည့်လိုက်ရင်၊ ကိုယ့်ရဲ့ အခြေအနေကို ရှင်းပြပြီး၊ တစ်ဖက်လူရဲ့ တုံ့ပြန်မှု၊ အဖြေကို ရယူနိုင်ပါတယ်။ ဝါကျအဆုံးမှာ အသံကို ချပြီး ပျော့ပျော့ပြောင်းပြောင်း ပြောဆိုရပါမယ်။

သုံးကြည့်ကြရအောင်

あのう、すみません。北海道(ほっかいどう)のお土産(みやげ)が欲(ほ)しいんですが。

Anoo, sumimase˥n. Hokka˥idoo no omiyage ga hoshi˥in de˥su ga.

そうですね。このお菓子(かし)はいかがですか。

So˥o de˥su ne. Kono oka˥shi wa ika˥ga de˥su ka.

ဟို၊ တစ်ဆိတ်လောက်။

ဟော့ကိုင်းဒိုးရဲ့ လက်ဆောင်ပစ္စည်း လိုချင်လို့ပါရှင်။

အင်း။ ဒီမုန့်ကို ဘယ်လိုသဘောရပါသလဲခင်ဗျာ။



ကြိုးစားကြည့်ရအောင်

**あのう、すみません。～が欲(ほ)しいんですが。**

Anoo, sumimase˥n. ～ga hoshi˥in de˥su ga.

ဟို၊ တစ်ဆိတ်လောက်။ XXX လိုချင်လို့ပါ။

**①風呂敷(ふろしき)**

furoshiki

ဂျပန့်ရိုးရာ အထုပ်ထုပ်ပိုးတဲ့ ပိတ်စ



**②傘(かさ)**

ka˥sa

ထီး



ဒီကနေ့အတွက် အပိုဆု စကား

**カード は使(つか)えますか。**

Ka˥ado wa tsukaema˥su ka.

အကြွေးဝယ်ကတ်ပြား သုံးလို့ရပါသလား။

ငွေရှင်းတဲ့အခါ အကြွေးဝယ်ကတ်ပြား သုံးလို့ရ၊ မရ မေးမြန်းတဲ့အခါမှာ အသုံးပြုပါတယ်။ “tsukaeru” “သုံးလို့ရတယ်” ဆိုတာက “tsukau” “သုံးတယ်” ရဲ့ လုပ်နိုင်၊ ဖြစ်နိုင်တဲ့ ပုံစံ ဖြစ်ပါတယ်။


©NHK WORLD-JAPAN



ဟာ့ရှုစံရဲ့ ဗဟုသုတ ဟင်းလေးအိုး

# ဂျပန်က အကြွေးဝယ်ကတ်ပြား အနေအထား

ဂျပန်မှာ ငွေသားမလိုဘဲ အကြွေးဝယ်ကတ်ပြား စတာတွေနဲ့ ရှင်းလို့ရတဲ့ နေရာတွေ များလာပါတယ်။







©Don Quijote

ဒါပေမဲ့ ငွေသားကိုပဲ လက်ခံတဲ့ ဆိုင်တချို့လည်း ရှိပါတယ်။ ဂျပန်မှာ ခရီးသွားတဲ့ အခါဆိုရင် ငွေသား အသင့်အတင့် ဆောင်ထားတာက အဆင်ပြေပါလိမ့်မယ်။

တချို့ စာတိုက်တွေ၊ ကုန်စုံဆိုင်တွေမှာ အကြွေးဝယ် ကတ်ပြားနဲ့ ငွေသားထုတ်ယူလို့ ရတဲ့ ATM စက်တွေ ရှိပါတယ်။




အဖြေ

① あのう、すみません。風呂敷(ふろしき)が欲(ほ)しいんですが。 Anoo, sumimaseꜛn. Furoshiki ga hoshiꜛin deꜛsu ga.

② あのう、すみません。傘(かさ)が欲(ほ)しいんですが。 Anoo, sumimaseꜛn. Kaꜛsa ga hoshiꜛin deꜛsu ga.